ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် မေလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

June, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ မေလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ် ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ မေလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၆၈.၇၇** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၃၂.၃၉** ရှိပါသည်။ **၂၀၁၉ ခုနှစ်၊ မေလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၅၃.၆၆** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၅၂.၀၃** နှင့် နှိုင်းယှဉ်ပါက **၁.၀၇%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ မေလ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၇.၃၁** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၂၆.၅၈** နှင့် နှိုင်းယှဉ်ပါက **၀.၅၈%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ မေလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၅၃.၆၆** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၀.၂၄** နှင့် နှိုင်းယှဉ်ပါက **၉.၅၇%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ်၊ မေလ၏ Core CPI မှာ ၁၂၇.၃၁ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၁၉.၄၅** နှင့် နှိုင်းယှဉ်ပါက **၆.၅၈%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ်၊ မေလတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၆၈.၇၇** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၀၉%** မြင့်တက်လာပါသည်။ ဆန်(ဧည့်မထ၊ ငစိန်၊ ကြွဲ)၊ ကောက်ညှင်းဈေးနှုန်းများ၊ မြေပဲဆီ၊ ကြက်သား၊ ဘဲသား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငါးအစိုနှင့် ငါးအခြောက်ဈေးနှုန်းများ၊ပုစွန်ခြောက်ဈေးနှုန်းများ၊ ပုစွန်ထုပ်နှင့် ပုစွန်ကျော့ဈေးနှုန်းများ၊ ကြက်ဥ၊ ဘဲဥ ဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ၊ ငရုတ်သီးခြောက်(အရှည်) ဈေးနှုန်းများနှင့် အချို့ပဲဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ်၊ မေလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၃၂.၃၉** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၀၄%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာပါသည်။ ထို့အပြင် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသားဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ်၊

စပို့ရှပ်၊ ဖိနပ်(သားရေစိမ်း/ရော်ဘာ)နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း ယခင်လကထက်သိသိသာသာ မြင့်တက်လာပါသည်။ အလားတူ ရွှေဈေးနှုန်းမှာလည်း ယခင်လကထက် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ မေလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ပြန်လည်မြင့်တက်လာသောကြောင့် ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းများ ကျဆင်းနေသော်လည်း ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ်၊ မေလတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အသား၊ ငါးနှင့်ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများမြင့်တက်လာခြင်း၊ ပြည်တွင်း လောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း နှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက်သိသိသာသာ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ်၊ မေလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၇.၈၂%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၆.၁၁%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ **၉.၅၇ %** ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ **၆.၅၈%**ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ်၊ မေလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ်၊ ဧပြီလ နှင့် ၂၀၁၉ ခုနှစ်၊ မေလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ်၊ မေလ နှင့် ၂၀၁၉ ခုနှစ်၊ မေလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ်၊ ဧပြီလ နှင့် ၂၀၁၉ ခုနှစ်၊ မေလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ်၊ မေလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၅၃.၆၆ ဖြစ်ရာ ယခင်လအခြေအနေ ၁၅၂.၀၃ နှင့် နှိုင်းယှဉ်ပါက ၁.၀၇% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုမှာ အနည်းငယ်ကျဆင်းနေသည်မှလွဲ၍ ကျန်အုပ်စုများမှာမူ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ်၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများ ကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၆၈.၇၇ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၀၉% မြင့်တက်လာပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ၀.၁၂% မြင့်တက်လာပြီး မြေပဲဆီ ၀.၇၁%၊ ကြက်သား ၄.၀၆%၊ ဝက်သား ၀.၇၀%၊ အမဲသား ၀.၈၇%၊ ဘဲဥ ၀.၆၆%၊ ကြက်ဥ ၀.၉၉%၊ ငါးခူ ၂.၁၄%၊ ငါးရံ့ ၂.၁၈%၊ ငါးမြစ်ချင်း ၂.၄၂%၊ ပုစွန်ခြောက် ၀.၃၀%နှင့် ငါးရံ့ခြောက် ၁.၀၇% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ဈေးနှုန်းများမှာ သိသိသာသာ မြင့်တက်လာသော်လည်း ကြက်သွန်နီ ဈေးနှုန်းမှာ ကျဆင်းလာပါသည်။ ထို့အပြင် ဆားနှင့် အချိုမှုန့် ဈေးနှုန်းများလည်း မြင့်တက် နေပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ရှောက်သီး ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်ကြသော ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥဖြူ၊ ပဲတောင့်ရှည်သီး၊ ကန်စွန်းရွက် နှင့် ချဉ်ပေါင်ရွက် ဈေးနှုန်းများမှာလည်း မြင့်တက်

လျော့ကျရှိပါသည်။ ပဲဈေးနှုန်းများတွင် ကုလားပဲ၊ ပဲနီလေး၊ စားတော်ပဲ နှင့် ထောပတ်ပဲ ဈေးနှုန်းများမှာ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၁.၅၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၄.၇၉% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်တွင်း)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး (အခြမ်း/အလုံး)၊ ဆေးရွက်ကြီး၊ စီးကရက်(ပြည်တွင်း/ပြည်ပ)နှင့် ဆေးပေါ့လိပ် ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၅.၈၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၇% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ရှပ်အင်္ကျီ၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအတို၊ ဘောင်းဘီအရှည်၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ(အမျိုးသမီး)၊ သားရေဖိနပ် နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၅.၈၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၉၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ဓနိ၊ သက်ကယ်၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ်၊ ရေဖိုး၊ ထင်းနှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၇.၄၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၂၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဘီဒို၊ ဖျာ(သင်ဖျူး)၊ ခြင်ထောင်၊ ရေခဲသေတ္တာ၊ သောက်ရေအိုး၊ မီးအားမြှင့်စက်၊ ရေစုပ်စက်နှင့် အဝတ်လျှော်ဆပ်ပြာဈေးနှုန်းများ အနည်းငယ်ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၂.၅၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၁၆% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၁၆.၁၀ ရှိ၍ ယခင်လအခြေအနေ ၁၁၄.၃၉ နှင့် နှိုင်းယှဉ်ပါက ၁.၅၀% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၂၃၄.၇၈ ကျပ် မှ ၄၃၈၈.၅၄ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၆၅၁.၉၇ ကျပ် မှ ၄၇၀၂.၇၀ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ ဘတ်(စ်)ကားခ(ပြည်တွင်း)နှင့် အငှားယာဉ်ခဈေးနှုန်းများလည်း မြင့်တက်လာပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၀၁.၅၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများမှာ မော်ဒယ်နိမ့်သွားသောကြောင့် ဈေးနှုန်းများအနည်းငယ် ကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၀.၄၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၁% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သော သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ် နှင့် ကွန်ပါဘူးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၅.၀၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၇% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်းရှိ ကျူရှင်ဈေးနှုန်းများနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ကျောင်းဖွင့်ရာသီ ဖြစ်သောကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(၃) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၇.၉၇ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၇၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ထမင်းနှင့်ဟင်း၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၇.၅၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ ရွှေ၊ လက်ဝတ်ရတနာ၊ နာရီ နှင့် ထီး ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၂.၃၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၀၄% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၈ ခုနှစ်၊ မေလ နှင့် ၂၀၁၉ ခုနှစ်၊ မေလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ်၊ မေလအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၅၃.၆၆ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆန္ဒန်း ၁၄၀.၂၄ နှင့် နှိုင်းယှဉ်ပါက ၉.၅၇% မြင့်တက်လာပါသည်။ ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါကသိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၆၈.၇၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလ အခြေအနေ ၁၅၁.၈၂ နှင့် နှိုင်းယှဉ်ပါက ၁၁.၁၆% ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၈.၁၃% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၅.၇၃%၊ နှမ်းဆီ ၁၂.၀၂%၊ ကြက်သား ၇.၂၉%၊ ဝက်သား ၂.၂၈%၊ အမဲသား ၂၅.၆၇%၊ ဘဲဥ ၁၄.၁၈%၊ ကြက်ဥ ၁၀.၁၈%၊ ငါးခူ ၁၀.၀၁%၊ ငါးရံ့ ၁၀.၈၂%၊ ငါးမြစ်ချင်း ၈.၀၀%၊ ပုစွန်ခြောက် ၁၀.၀၄%၊ ငါးရံ့ခြောက် ၇.၇၀% နှင့် ရေကျိုငါးပိ ၀.၉၅% ဖြင့် ဈေးနှုန်းများ အသီးသီးမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၅.၆၇% မြင့်တက်လျက်ရှိပါသည်။ သို့သော် မီးဖိုချောင်သုံးပစ္စည်းများတွင် အာလူး ၅.၈၇% မြင့်တက်လျက်ရှိသော်လည်း ကြက်သွန်နီ ၂၀.၉၁%၊ ကြက်သွန်ဖြူ ၂.၈၀%နှင့် ကုလားပဲခြမ်း ၁၀.၀၇% တို့ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၁.၅၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၆.၁၃% မြင့်တက်နေပါသည်။ ဤအုပ်စု

တွင် ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်နှင့် ကွမ်းသီး (အခြမ်း/အလုံး)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ် နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၅.၈၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလ နှင့် နှိုင်းယှဉ်ပါက ၅.၃၂% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော လုံချည်(အမျိုးသမီး/အမျိုးသား)၊ အမျိုးသမီးဝတ် အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)၊ သားရေဖိနပ်နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၅.၈၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၆.၂၉% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂက်(စ်) ဓာတ်ငွေ့နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၇.၄၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၈.၁၅% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၅၂.၅၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၉.၅၄% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၁၆.၁၀ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၈.၄၆% ဖြင့် ဆက်လက်မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၄၁၈၅.၉၆ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၇၀၂.၇၀ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၄၁၃၈.၉၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၃၈၈.၅၄ ကျပ်သို့လည်းကောင်း မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၀၁.၅၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၀.၉၃% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၀.၄၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလ နှင့် နှိုင်းယှဉ်ပါက ၁၂.၈၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဗူး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၅.၀၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၆.၂၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၂၇.၉၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၄.၂၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊

ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၇.၅၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၉.၅၇% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၂.၃၉%၊ သနပ်ခါး ၉.၄၄%၊ မိတ်ကပ် ၁၅.၈၃%၊ သွားတိုက်ဆေး ၁၈.၁၀%နှင့် လွယ်အိတ် ၂၆.၅၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလ၌ ၁၃၂.၃၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ မေလနှင့် နှိုင်းယှဉ်ပါက ၆.၈၂% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ် ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ ဇွန်လမှ ၂၀၁၉ ခုနှစ် မေလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ၁၄၁.၁၃ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆန္နှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ တစ်ဖန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စားသုံးသူဈေးဆန္နှုန်း တဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့ရာ မေလအထိ ဆက်လက် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ်၊ မေလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ပြည်ထောင်စုနယ်မြေမှာ သိသာစွာပြောင်းလဲမှု မရှိသော်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂.၅၄% ဖြင့် အများဆုံး မြင့်တက်လာပြီး နေပြည်တော်တွင် ဂ.၃၂% ဖြင့် အနည်းဆုံးမြင့်တက်နေပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် မေလအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ၆.၄၅% ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၈.၈၅% သို့ မြင့်တက်ခဲ့ပါသည်။ ထိုမှတဖန် ပွင့်လင်းရာသီ ဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေပြန်လည် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ

လည်း ၆.၁၄% သို့ လျော့နည်းလာပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ တဖြည်းဖြည်းပြန်လည် မြင့်တက်လာရာမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% အထိ ဆက်လက် မြင့်တက်လျက်ရှိပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မေလအထိ တစ်နှစ်ပျမ်းမျှ ၇.၈၂% ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ တစ်နှစ်ပျမ်းမျှ ၇.၅၁% နှင့် နှိုင်းယှဉ်ပါက ၀.၃၁% ပိုမို လာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လမှ ၂၀၁၉ ခုနှစ်၊ မေလအထိ ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ၄.၅၈% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့် တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ မေလတွင် ၇.၈၂%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်၊ မေလ အတွင်း ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၁.၉၄% ဖြင့် အမြင့်ဆုံး၊ မွန်ပြည်နယ်တွင် ၁၀.၂၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၀.၂၁% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ် ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၄.၈၇%

ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၄.၃၃% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၉ ခုနှစ်၊ မေလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ဆက်လက်မြင့်တက်လျက်ရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကလည်း များစွာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်းနှင့် မိုးစပါးစိုက်ပျိုးချိန်နီးကပ်လာခြင်း၊ ဈေးကွက်အတွင်း ဆန်လက်ကျန်နည်းပါးလာခြင်းတို့ကြောင့် ဆန်ဟောင်းဈေးနှုန်းများ မြင့်တက်နေခြင်း ဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ ဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံများကို ပြည်ပဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆.၃၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၄၈၉.၁၁ သို့ ကျဆင်းလာသောကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလျက်ရှိပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ တိရိစ္ဆာန်အစာဖြစ်သော ကြက်စာ၊ ငါးစာဈေးနှုန်းများ မြင့်တက်ခြင်း၊ ရာသီဥတုပူပြင်းသောကြောင့် ကြက်များအသေအပျောက်များခြင်း စသည့်အကြောင်းရင်းများကြောင့် အသား၊ ငါး ဈေးနှုန်းများမြင့်တက်လာပါသည်။ ထို့ပြင် ရာသီဥတုပူပြင်းသဖြင့် ဥထွက်နှုန်းများ ကျဆင်းလာပြီး ဘဲဥနှင့် ကြက်ဥဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီဥတုပူပြင်းသဖြင့် စိုက်ပျိုးပင်များပျက်စီးမှုရှိ၍ အသီးအနှံထွက်ရှိမှုမှာ လျော့နည်းလာသောကြောင့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံဈေးနှုန်းများသိသိသာသာမြင့်တက်လာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ မြင့်တက်လာသော်လည်း ကြက်သွန်နီ အသစ်ထွက်ချိန်ဖြစ်၍ ဈေးကွက်အတွင်း ဝင်ရောက်မှုများလာပြီး ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာကျဆင်းလာပါသည်။ ပဲမျိုးစုံဈေးကွက်တွင် ပြည်ပမှ ပြန်လည်၍ ဝယ်လိုအား ရှိလာသောကြောင့် ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၉၉၁၀၄၉.၃၄ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၅၇% မြင့်တက်လာခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၂.၃၉% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၂၈၇.၃၇ ရှိရာ မှ ၁၂၈၃.၇၅ သို့ ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသော်လည်း မြန်မာ့ရွှေဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိပါသည်။

(ဆ) ၂၀၁၉ ခုနှစ်၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၂.၅၃ မှ ၈၂.၅၈ သို့ အနည်းငယ် မြင့်တက်လာသော်လည်း ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈.၁၉ မှ ၇၄.၉၄ သို့ ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများမှာ အတက်အကျ အနည်းငယ်ဖြစ်ပေါ်နေသော်လည်း ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်နေခြင်းကြောင့် ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ်၊ မေလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ကျဆင်းနေသော်လည်း ယခင်လနှင့် နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ်၊ မေလတွင် အလျှုအတန်း ပေါများသော ရာသီဖြစ်ခြင်း၊ ကျောင်းပိတ်ချိန်ဖြစ်သဖြင့် ခရီးသွားလာသူများပြားလာပြီး လောင်စာဆီအသုံးပြုမှု များပြားလာသောကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ရာသီဥတုအလွန်ပူပြင်းသဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း မြင့်တက်ခဲ့ပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၉ ခုနှစ်၊ မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် မေလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မေလ | ဧပြီလ | မေလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၄၀.၂၄ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁.၀၇ | ၉.၅၇ | ၇.၈၂ |
| ၀၁ | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၅၁.၈၂** | **၁၆၆.၉၅** | **၁၆၈.၇၇** | **၁.၀၉** | **၁၁.၁၆** | **၈.၃၁** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၂.၈၀ | ၁၄၄.၆၁ | ၁၅၁.၅၄ | ၄.၇၉ | ၆.၁၃ | ၁.၂၂ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၁၉.၄၇ | ၁၂၅.၂၄ | ၁၂၅.၈၂ | ၀.၄၇ | ၅.၃၂ | ၄.၁၉ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၄၆.၆၅ | ၁၅၄.၄၃ | ၁၅၅.၈၇ | ၀.၉၃ | ၆.၂၉ | ၇.၃၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၇.၈၁ | ၁၂၇.၀၆ | ၁၂၇.၄၂ | ၀.၂၈ | ၈.၁၅ | ၆.၂၃ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၉.၂၅ | ၁၅၀.၇၈ | ၁၅၂.၅၃ | ၁.၁၆ | ၉.၅၄ | ၇.၀၇ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၀၇.၀၄ | ၁၁၄.၃၉ | ၁၁၆.၁၀ | ၁.၅၀ | ၈.၄၆ | ၁၀.၄၄ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၅၄ | ၁၀၁.၆၆ | ၁၀၁.၅၉ | -၀.၀၇ | -၀.၉၃ | ၀.၀၇ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၆.၇၄ | ၁၁၉.၉၉ | ၁၂၀.၄၉ | ၀.၄၁ | ၁၂.၈၇ | ၄.၅၅ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၇.၁၃ | ၁၃၄.၁၂ | ၁၃၅.၀၂ | ၀.၆၇ | ၆.၂၀ | ၈.၁၇ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၂.၈၁ | ၁၂၇.၀၅ | ၁၂၇.၉၇ | ၀.၇၃ | ၄.၂၀ | ၆.၆၇ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၅.၅၇ | ၁၃၇.၀၀ | ၁၃၇.၅၉ | ၀.၄၄ | ၉.၅၇ | ၇.၆၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၂၃.၉၄** | **၁၃၁.၀၃** | **၁၃၂.၃၉** | **၁.၀၄** | **၆.၈၂** | **၇.၀၀** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၄.၂၉ | ၁၁၉.၄၅ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၀.၅၈ | *၆.၅၈ | *၆.၁၁ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၉ ခုနှစ်၊ မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရတခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် မေလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | မေလ | ဧပြီလ | မေလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၄.၇၄ | ၁၅၀.၅၂ | ၁၅၁.၀၁ | ၀.၃၃ | ၄.၃၃ | ၆.၆၄ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၃.၆၆ | ၁၅၄.၄၁ | ၁၅၆.၀၂ | ၁.၀၄ | ၈.၆၀ | ၄.၇၂ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၂၆.၄၉ | ၁၃၈.၀၅ | ၁၃၈.၉၂ | ၀.၆၃ | ၉.၈၃ | ၈.၄၃ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၃.၆၃ | ၂၀၀.၅၆ | ၂၀၄.၂၆ | ၁.၈၅ | ၁၁.၂၄ | ၈.၃၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၃၄.၇၀ | ၁၅၃.၀၃ | ၁၅၄.၅၉ | ၁.၀၂ | ၁၄.၇၇ | ၈.၁၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၂၅.၇၈ | ၁၃၆.၃၀ | ၁၃၆.၈၄ | ၀.၄၀ | ၈.၈၀ | ၈.၄၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၃၆.၂၈ | ၁၄၇.၅၄ | ၁၄၉.၀၆ | ၁.၀၃ | ၉.၃၈ | ၆.၇၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၄၁.၉၄ | ၁၆၁.၁၈ | ၁၆၃.၀၄ | ၁.၁၅ | ၁၄.၈၇ | ၁၁.၉၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၄.၃၅ | ၁၄၆.၇၄ | ၁၄၇.၈၆ | ၀.၇၆ | ၁၀.၀၅ | ၆.၆၂ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၃၃.၆၈ | ၁၄၃.၇၉ | ၁၄၄.၈၅ | ၀.၇၃ | ၈.၃၅ | ၁၀.၂၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၇၇.၄၀ | ၁၈၅.၉၂ | ၁၈၈.၁၂ | ၁.၁၈ | ၆.၀၄ | ၈.၈၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၄.၁၄ | ၁၃၉.၄၆ | ၁၄၃.၀၁ | ၂.၅၄ | ၆.၆၀ | ၅.၇၅ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၂.၆၈ | ၁၆၀.၂၃ | ၁၆၃.၀၈ | ၁.၁၅ | ၆.၈၁ | ၇.၆၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၁.၄၃ | ၁၅၃.၉၄ | ၁၅၆.၂၂ | ၁.၄၈ | ၁၀.၄၅ | ၆.၇၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၂၁ | ၁၃၆.၉၉ | ၁၃၆.၉၈ | -၀.၀၁ | ၇.၆၈ | ၄.၉၂ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၁.၇၅ | ၁၅၂.၁၈ | ၁၅၂.၇၉ | ၀.၄၀ | ၇.၇၉ | ၇.၅၉ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၄.၃၂ | ၁၄၆.၄၁ | ၁၄၉.၇၃ | ၂.၂၇ | ၁၁.၄၇ | ၁၀.၂၁ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၀.၄၁ | ၁၄၂.၅၅ | ၁၄၃.၀၁ | ၀.၃၂ | ၉.၆၆ | ၇.၆၉ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၀.၂၄** | **၁၅၂.၀၃** | **၁၅၃.၆၆** | **၁.၀၇** | **၉.၅၇** | **၇.၈၂** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ်၊ မေလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် ဧပြီလ (ကျပ်) | ၂၀၁၉ ခုနှစ် မေလ (ကျပ်) | ၂၀၁၈ခုနှစ် မေလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၀၄.၂၃ | ၁၅၀၆.၀၇ | ၁၃၉၂.၈၀ | ၀.၁၂ | ၈.၁၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၃၄၂.၃၉ | ၆၃၈၇.၆၈ | ၅၅၁၉.၄၅ | ၀.၇၁ | ၁၅.၇၃ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၅၅၁.၈၈ | ၆၅၅၂.၅၀ | ၅၈၄၉.၃၉ | | ၁၂.၀၂ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၇၁.၉၄ | ၂၀၄၉.၃၇ | ၂၀၇၅.၉၅ | -၁.၀၉ | -၁.၂၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၂၂၁.၂၉ | ၇၅၁၄.၄၅ | ၇၀၀၄.၁၈ | ၄.၀၆ | ၇.၂၉ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၃၅၂.၃၆ | ၉၄၁၈.၂၄ | ၉၂၀၈.၅၀ | ၀.၇၀ | ၂.၂၈ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၃၃၆၆.၀၅ | ၁၃၄၈၂.၃၃ | ၁၀၇၂၈.၇၇ | ၀.၈၇ | ၂၅.၆၇ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၇၂.၄၁ | ၁၈၈၄.၇၀ | ၁၆၄၁.၅၉ | ၀.၆၆ | ၁၄.၈၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၆၈.၆၈ | ၁၃၈၂.၂၈ | ၁၂၅၄.၆၀ | ၀.၉၉ | ၁၀.၁၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၆၃၃.၈၉ | ၈၈၁၈.၈၉ | ၈၀၁၆.၁၁ | ၂.၁၄ | ၁၀.၀၁ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၆၆၀.၁၀ | ၈၈၄၉.၂၂ | ၇၉၈၄.၉၇ | ၂.၁၈ | ၁၀.၈၂ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၈၀၆.၇၀ | ၄၉၂၃.၂၁ | ၄၅၅၈.၄၈ | ၂.၄၂ | ၈.၀၀ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၂၄၄၃.၄၀ | ၃၂၅၃၉.၁၅ | ၂၉၅၆၉.၃၆ | ၀.၃၀ | ၁၀.၀၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၀၃၉၃.၁၄ | ၃၀၇၁၉.၁၂ | ၂၈၅၂၁.၆၇ | ၁.၀၇ | ၇.၇၀ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၂၉.၂၀ | ၃၃၃၁.၄၂ | ၃၃၀၀.၀၀ | ၀.၀၇ | ၀.၉၅ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၉၈.၇၄ | ၁၆၉၇.၆၉ | ၉၆၆.၃၉ | ၁၃.၂၇ | ၇၅.၆၇ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၄၈.၉၅ | ၂၃၅၄.၆၂ | ၂၆၁၈.၃၆ | ၀.၂၄ | -၁၀.၀၇ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၂၅.၅၀ | ၁၀၈၈.၅၅ | ၁၀၂၈.၂၃ | -၃.၂၈ | ၅.၈၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၄၉၇.၃၇ | ၂၆၂၀.၆၈ | ၂၆၉၆.၂၄ | ၄.၉၄ | -၂.၈၀ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၉၃၃.၆၀ | ၈၈၄.၄၀ | ၁၁၁၈.၂၀ | -၅.၂၇ | -၂၀.၉၁ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၂၅၂.၈၄ | ၅၂၇၅.၁၈ | ၄၇၈၅.၈၇ | ၀.၄၃ | ၁၀.၂၂ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၃၁၁.၆၃ | ၅၃၇၄.၇၅ | ၅၀၈၆.၄၇ | ၁.၁၉ | ၅.၆၇ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၈၅၄၁၉.၉၁ | ၉၉၁၀၄၅.၈၀ | ၈၈၁၇၇၆.၁၁ | ၀.၅၇ | ၁၂.၃၉ |
| ၂၄ | ထင်း | | ပိဿာ | ၃၃၄.၉၂ | ၃၄၂.၇၁ | ၃၁၉.၃၅ | ၂.၃၃ | ၇.၃၂ |
| ၂၅ | မီးသွေး | | ။ | ၆၅၇.၂၁ | ၆၇၄.၀၂ | ၆၂၄.၅၉ | ၂.၅၆ | ၇.၉၁ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၃၈.၁၆ | ၄၃၇.၉၄ | ၄၁၀.၀၉ | -၀.၀၅ | ၆.၇၉ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၉၅.၉၁ | ၁၁၀၅.၈၅ | ၁၀၃၃.၁၄ | ၀.၉၁ | ၇.၀၄ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၆၅၁.၉၇ | ၄၇၀၂.၇၀ | ၄၁၈၅.၉၆ | ၁.၀၉ | ၁၂.၃၄ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၄၂၃၄.၇၈ | ၄၃၈၈.၅၄ | ၄၁၃၈.၉၂ | ၃.၆၃ | ၆.၀၃ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | ၂၀၁၉ ခုနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ |
| စားသုံးသူဈေးဆနှုန်း(CPI) | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ |
| စားသုံးသူဈေးဆနှုန်း(Core CPI) | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၀ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | ၂၀၁၉ ခုနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၆၃ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ |